ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျောက်ကြီးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)

## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

မီးတိုင်တောအုပ်စု၊ ကျောင်းစုကျေးရွာ

ဖေဖော်ဝါရီလ၊ ၂၀၁၇ ခုနှစ်

## မာတိကာ

စဉ် အကြောင်းအရာ


၁။ မြို့နယ်မြေပုံ

၂။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၃။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်း(PSA /PRA)အကျဉ်းချုပ်ဇယား

၄။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၅။ ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းစဉ်များ

၆။ ကော်မတီဝင်များစာရင်း

၇။ ကျေးရွာအချက်အလက် (ပုံစံ - ၁)

၈။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ - ၂)

၉။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ - ၃)

၁၀။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းများရွေးချယ်ခြင်း (ပုံစံ - ၄)

၁၁။ အစည်းအဝေးတက်ရောက်သူများစာရင်း (ပုံစံ - ၁၂)

၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# မြို့နယ်မြေပုံ



## မီးတိုင်တောကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၁။မီးတိုင်တောကျေးရွာ

၂။အောင်ချမ်းသာကျေးရွာ

၃။ကျောင်းစုကျေးရွာ

၄။မြောင်းဦးကျေးရွာ


၅။ကော့ပြင်းကျေးရွာ

စုစုပေါင်းကျေးရွာအရေအတွက်မှာ (၅) ရွာဖြစ်ပါသည်။

## လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် ( PRA/PSA ) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးအရင်းအအမြစ်ပြမြေပုံ | ၂၇.၂.၂၀၁၇ | ရွာသူရွာသားများ | ၁၁၁ | ၇၅ | ၁၈၆ | အိမ်အမျိုးအစား၊အခြေခံအဆောက်အဦးများလမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေ၊ရေတွင်းရေကန်၊သစ်တောများကိုမှတ်သားပြီး၊အသုံးပြုနိုင်မှုပြဿနာအခက်အခဲများကိုဆန်းစစ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၇.၂.၂၀၁၇ | ရွာသူရွာသားများ | ၁၁၁ | ၇၅ | ၁၈၆ | ရာသီဥတု၊စိုက်ပျိုးသီးနှံများလယ်ယာလုပ်ငန်းများ၊နေ့စားကျပန်းလုပ်ငန်းများ၊ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၂၇.၂.၂၀၁၇ | ရွာသူရွာသားများ | ၁၁၁ | ၇၅ | ၁၈၆ | ကျေးရွာလူမှုစီးပွားအုပ်စုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်းကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ကျား/မရေးရာပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၇.၂.၂၀၁၇ | ရွာသူရွာသားများ | ၁၁၁ | ၇၅ | ၁၈၆ | အရင်းအမြစ်များစာရင်းပြုစု ခြင်းအရင်းအမြစ်များကိုကျား/မပိုင်ဆိုင်မှု၊ထိန်းချုပ်မှု၊အသုံး ပြုနိုင်မှုကိုဆန်းစစ်လေ့လာခြင်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | အဖွဲ့အစည်းချိတ် ဆက်မှု လေ့လာခြင်း | ၂၇.၂.၂၀၁၇ | ရွာသူရွာသားများ | ၁၁၁ | ၇၅ | ၁၈၆ | ကျေးရွာဖွံ့ဖြိုးရေးအတွက်ရွာတွင်းရွာပြင်အဖွဲ့ အစည်း အသီးသီးနှင့်မည်သို့ချိတ်ဆက်လုပ်ဆောင်ကြသည် ကိုလေ့လာဆန်းစစ်ခြင်း |
| ၆ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၂၇.၂.၂၀၁၇ | ရွာသူရွာသားများ | ၁၁၁ | ၇၅ | ၁၈၆ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေး ရရှိမှု/မရရှိမှုနှင့်ကွာဟချက်ကိုဆန်းစစ်ခြင်း |
| ၇ | ကျေးရွာ၏ဦးစားပေးအစီအစဉ် | ၂၈.၂.၂၀၁၇ | ရွာသူရွာသားများ | ၁၁၁ | ၇၅ | ၁၈၆ | အကျိုးခံစားခွင့်၊အကျိုးပြုသူဦးရေအဓိကလို အပ်ချက်အပေါ် မူတည်၍စီမံကိန်းရေးဆွဲခြင်း |
| ၈ | ပြဿနာသစ်ပင် | ၂၈.၂.၂၀၁၇ | ရွာသူရွာသားများ | ၁၁၁ | ၇၅ | ၁၈၆ | အခက်ခဲပေါ် မူတည်ပြီးအကြောင်းအကျိုး၊အကျိုးဆက်နှင့် တကွလေ့လာပြီးလိုအပ်ချက်ကိုဆန်းစစ်အတည်ပြု |



မီးတိုင်တောကျေးရွာအုပ်စု၊ကျောင်းစုကျေးရွာသမိုင်းအကျဉ်း

လူမှုရေးအရင်းအမြစ်ပြမြေပုံသုံးသပ်ချက်

ကျောင်းစုကျေးရွာသည်ကျောက်ကြီးမြို့နယ်၊မီးတိုင်တောအုပ်စုအရှေ့ဘက်တောင်ခြေနှင့်မုန်းမြစ်ကမ်းနဖူးတွင်တည်ရှိသည်။ယခင်ကမီးတိုင်တောဟုခေါ် ဝေါ်ကြပြီးတစ်ခြားရွာတွင်ကျောင်းမရှိသောကြောင့်မီးတိုင်တောရွာသာလျှင်စာသင်ကျောင်းနှင့်ခရစ်ယာန်ဘုရားကျောင်းများရှိသောကြောင့်ကျောင်းစုဟုပြောင်းလဲခေါ် တွင်ကြပါသည်။(၂၀၀၀)ခုနှစ်တွင်မုန်းမြို့အရှေ့ဘက်လယ်ကွင်းထဲတွင်ပြောင်းရွှေ့နေထိုင်ခဲ့ရပြီး(၂၀၁၁)ခုနှစ်တွင်မူလကျေးရွာသို့ပြန်လည်နေထိုင်ခွင့်ရခဲ့ပါသည်။ကျောင်းစုရွာ၏အိမ်ခြေစုစုပေါင်းမှာ(၂၂၀)ရှိပြီးလူမျိုးမှာကရင်၊ဗမာဖြစ်ပြီးအိမ်ထောင်စု(၇၀)အိမ်မှာခရစ်ယာန်ဘာသာဝင်၊ကျန်အိမ်ခြေများမှာဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။အမျိုးသမီးဦးစီးသောအိမ်ထောင်စုအရေအတွက်(၄၅)အိမ်ရှိပါသည်။လူဦးရေ(၁၀၃၀)ယောက်ရှိပြီးအမျိုးသားဦးရေ(၄၈၁)ယောက်၊အမျိုးသမီး ဦးရေ(၅၄၉)ယောက်ရှိပါသည်။

သောက်သုံးရေ

ကျောင်းစုကျေးရွာတွင် သောက်သုံးရေအတွက်ရေတွင်းများနှင့်လက်နှိပ်ရေတုံကင်များကိုအသုံးပြုကြပါသည်။ အဆင့်မီ သောက်သုံးရေအမျိုးအစားမဟုတ်သော်လည်းတတ်နိုင်သည့်ငွေကြေးပမာဏဖြင့်ရနိုင်သောရေအနေအထားကိုသုံးစွဲ နေရခြင်းဖြစ်သည်။ရေရှားပါးမှုမျိုးတော့မဟုတ်ပါ။

လမ်းပန်းဆက်သွယ်ရေး

ကျောင်းစုကျေးရွာ၏လမ်းပန်းဆက်သွယ်ရေးမှာရွာတွင်းလမ်းမှာကျောက်သဲလမ်းနှင့်မုန်းနှင့်ဆက်သွယ်သောရွာချင်းဆက်လမ်းမှာမြေသားလမ်းဖြစ်ပါသည်။မိုးအခါမုန်းနှင့်ဆက်သွယ်ထားသောရွာချင်းဆက်လမ်းမကောင်းသဖြင့်ကျောင်းသားကျောင်းသူများဒုက္ခရောက်ကြသည်။မီးတိုင်တောတံတားမပြီးသေးသောကြောင့်မိုးတွင်းအခါတွင်လှေဖြင့်ကူးရသဖြင့်သွားလာရေး အခက်အခဲရှိပါသည်။

ပညာရေး

ကျောင်းစုရွာတွင်ပညာရေးအတွက်အလယ်တန်းကျောင်းအထိတည်ရှိပါသည်။ကျောင်းအဆောက်အအုံများမလုံလောက်၊မကောင်းသောကြောင့်စာသင်ကြားရာတွင်အခက်အခဲရှိပါသည်။ထို့ကြောင့်စာသင်ကျောင်းပြုပြင်ချင်ပါသည်။ စာကြည့်တိုက်မရှိခြင်းကြောင့်ဗဟုသုတနည်းပါးပါသည်

ကျန်းမာရေး

ကျောင်းစုကျေးရွာတွင်ဆေးပေးခန်းမရှိ၊ကျန်းမာရေးလုပ်သားမရှိသောကြောင့်ကျန်းမာရေးအခြေအနေတစ်စုံတစ်ခုပေါ်လာလျှင်အနီးဆုံးမုန်းသို့သွားရောက်ကုသကြရသည်။မုန်းမြို့နှင့်(၇)မိုင်ခန့်ကွာဝေးပါသဖြင့်မိုးအခါတွင်အခက်အခဲများကြုံတွေ့ရပါသည်။ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးများအခါအားလျော်စွာကာကွယ်ဆေးများလာရောက်တိုက်ကျွေးပါသည်။တစ်ရွာလုံးယင်လုံအိမ်သာကိုသုံးစွဲကြပါသည်။

စီးပွားရေး

ကျောင်းစုကျေးရွာ၏အဓိကစီးပွားရေးမှာဥယျာဉ်လုပ်ငန်းဖြစ်ပြီးကျပန်းလုပ်ကိုင်သူများလည်းရှိပါသည်။လယ်ယာလုပ်ငန်းနှင့်တစ်ပိုင်တစ်နိုင်ကြက်၊ဝက်များလည်းမွေးမြူကြပါသည်။မိုးလေဝသမမှန်(သို့)သဘာဝအန္တရာယ်ကျရောက်သောအခါဥယျာဉ်ခြံများဆုံးရှုံးကြရပါသည်။

အနှစ်ချုပ်

ကျောင်းစုကျေးရွာ၏အဓိကပြဿနာအနှစ်ချုပ်မှာရွာသားများနွမ်းပါးသောကြောင့်စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ရန်မတတ်နိုင်သောကြောင့်ပညာရေးအတွက်အခက်အခဲရှိပါသည်။ဥယျာဉ်လုပ်ငန်းများအတွက်ထိရောက်သောနည်းပညာအကူအညီများလိုအပ်ပါသည်။အလုပ်အကိုင်ရှားပါးမှုကြောင့်စားဝတ်နေရေးအခက်အခဲရှိပါသည်။စားဝတ်နေရေးအခက်အခဲကြောင့်ကလေးများပညာသင်ကြားရေးဘက်တွင်အားနည်းပြီးမိသားစုစားဝတ်နေရေးဘက်တွင်ကူညီဖြေရှင်း ပြီးခေတ်ပညာတတ်များနည်းပါးလာပါသည်။

ပံ့ပိုးကူညီသူ　　နော်သြဂက်စတီးနာ

ပါဝင်ဆွေးနွေးသူများ　　ကျေးရွာလူထု ကျား ၁၁၁ ဦး　မ　၇၅ ဦး

# ရာသီခွင်ပြပြက္ခဒိန်

ကျေးရွာ - ကျောင်းစု　　　အုပ်စု - မီးတိုင်တော　　　နေ့စွဲ - ၂၈.၂.၂၀၁၇

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| တောင်ယာလုပ်ငန်း | | | ❋ | ❋❋❋ | ❋❋ | | | | | | | |
| ဥယျာဉ်ခြံလုပ်ငန်း | | | | ★ | ★★★ | ★★★ | ★★★ | ★★★ | ★★★ | ★★ | | |
| ထွက်ငွေများသောကာလ | | | | | | | | ◻◻ | ◻◻ | ◻◻ | | |
| ပွဲတော်ကာလ | ● | | | | | | | ● | ● | ●●● | | |
| ဝင်ငွေရရှိမှု | | | | ✦ | ✦ | ✦ | ✦✦ | ✦ | ✦ | | | |

မီးတိုင်တောအုပ်စု၊ကျောင်းစုကျေးရွာ
ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ခြင်း

ကျောင်းစုကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်းမှာဥယျာဉ်ခြံလုပ်ငန်းနှင့်ကျပန်းလုပ်ငန်းနှင့်လယ်ယာလုပ်ငန်းကိုရာသီအလိုက်သင့်သလိုလုပ်ကိုင်ကြပါသည်။

နယုန်၊ဝါဆိုနှင့်ဝါခေါင်လများတွင်တောင်ယာလုပ်ကိုင်ကြပါသည်။
ဥယျာဉ်လုပ်ငန်းကိုဝါဆိုလတွင်စတင်လုပ်ဆောင်ကြပြီးပြာသိုလအထိလုပ်ကိုင်ကြပါသည်။
ဝါဆို၊ဝါခေါင်လတွင်အများဆုံးနေမကောင်းကြသည်။
တန်ခူး၊တန်ဆောင်မုန်း၊နတ်တော်၊ပြာသိုလများသည်ပွဲတော်လများဖြစ်သည်။
ဝါဆိုမှနတ်တော်ထိဝင်ငွေရှိသောကာလဖြစ်သည်။

ပြဿနာအနှစ်ချုပ်

လတိုင်းကျေးရွာလူထုပုံမှန်ဝင်ငွေမရှိသဖြင့်အဆင်မပြေမှုများရှိကြောင်းတွေ့ရသည်။ထို့ကြောင့်လူမှုရေး၊ကျန်းမာရေး၊စားဝတ်နေရေးတို့တွင်အတိုးဖြင့်ချေးငှါးပြီးဖြေရှင်းကြရသည်။ထို့ကြောင့်ဆင်းရဲမှုသံသရာလည်နေရပါသည်။

ပံ့ပိုးကူညီသူ   နော်သြဂက်စတီးနာ
ပါဝင်ဆွေးနွေးသူ ရွာလူထု  ကျား(၁၁၁)ဦး မ(၇၅)ဦး

ချမ်းသာကြွယ်ဝမှုအဆင့်ခွဲခြင်းဇယား

ကျေးရွာ.........ကျောင်းစု

ကျေးရွာအုပ်စု...မီးတိုင်တော

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်း | အိမ်ထောင်စုအရေအတွက် | % |
|---|---|---|---|
| ချမ်းသာခြင်း | သွပ်မိုး၊ပျဉ်ထောင်၊ပျဉ်ခင်း၊ ဥယျာဉ်၁၀ဧကေ၊ထော်လာဂျီ၊ ဆိုင်ကယ်၊ | | |
| အလယ်အလတ် | အင်ဖက်မိုး၊ထရံကာ၊ ဥယျာဉ်၂ဧကေ၊ဆိုင်ကယ်။ | | |
| နွမ်းပါး | အင်ဖက်မိုး၊ထရံကာ၊ စက်ဘီး။ | | |
| အလွန်နွမ်းပါး | အင်ဖက်မိုး၊ယင်းကာ၊ ဂါးတိုင်။ | | |
| စုစုပေါင်း | | | |

မီးတိုင်တောအုပ်စု၊ကျောင်းစုကျေးရွာ

ဉစ္စာဓနကြွယ်ဝမှုခွဲခြားစိတ်ဖြာခြင်းသုံးသပ်ချက်

ကျောင်းစုကျေးရွာ၏လူမှုအခြေဉစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ပုံစံအရ ချမ်းသာအုပ်စု အလယ်အလတ်အုပ်စု၊နွမ်းပါးအုပ်စု၊အလွန်နွမ်းပါးအုပ်စုဟူ၍(၄)မျိုးရှိပါသည်။ဥယျာဉ်၁ဂဧက၊ပျဉ်ထောင်၊ပျဉ်ခင်း၊သွပ်မိုး၊ထော်လာဂျီ။ဆိုင်ကယ်စသည့်တို့ပိုင်ဆိုင်ပြီးငွေပိုငွေလျှံရှိသောသူများကိုအဆင့်(၁)အဖြစ်သတ်မှတ်ပါသည်။အိမ်ထောင်စု(        )စုရှိပြီးရာခိုင်နှုန်းအားဖြင့်          %ဖြစ်ပါသည်။

အင်ဖက်မိုး၊ဥယျာဉ်၂ဧက၊ထရံကာ၊ဆိုင်ကယ်ရှိပြီးကြွေးမြီမရှိသူများကိုအလယ်အလတ်အဖြစ်သတ်မှတ်ပါသည်။အိမ်ထောင်စု(        )စုရှိပြီးရာခိုင်နှုန်းအားဖြင့်          %ဖြစ်ပါသည်။

အင်ဖက်မိုး၊ထရံကာ၊စက်ဘီးရှိပြီးကျပန်းလုပ်ကိုင်သူကိုနွမ်းပါးအဖြစ်သတ်မှတ်ပါသည်။အိမ်ထောင်စု(        )စုရှိပြီးရာခိုင်နှုန်းအားဖြင့်          %ဖြစ်ပါသည်။

အင်ဖက်မိုး၊ယင်းကာ၊ဂါးတိုင်ဖြစ်ပြီးမြေနေရာမရှိကျပန်းလုပ်ကိုင်စားရပြီးကြွေးမြီများသောအိမ်ထောင်စုများကိုအလွန်နွမ်းပါးအဖြစ်သတ်မှတ်ပါသည်။အိမ်ထောင်စုပေါင်း(        )ရှိပြီးရာခိုင်နှုန်းအားဖြင့်          %ဖြစ်ပါသည်။

ပြဿနာအနှစ်ချုပ်

ကျောင်းစုကျေးရွာတွင်ကျပန်းလုပ်ကိုင်နေရသူနှင့်ဥယျာဉ်ခြံနည်းပါးသူများနွမ်းပါးကြပါသည်။သဘာဝဘေးဒဏ်၊ရာသီဥတုကြောင့်ခြံထွက်သီးနှံများဆုံးရှုံးသည်ကများနေပါသည်။ဝင်ငွေထွက်ငွေမမျှတမှုကြောင့်ကြွေးတင်ကြရပါသည်။ ရွာတွင်းလမ်းများခင်းရန်လမ်းများသောကြောင့်အဆင်မပြေနိုင်ပါ

ပံ့ပိုးကူညီသူ     နော်ဩဂက်စတီးနာ

ပါဝင်ဆွေးနွေးသူ   ရွာလူထု  ကျား ၁၁၁ ဦး    မ ၇၅ ဦး

# ပိုင်ဆိုင်မှုကိုအသုံးပြုခြင်း

ကျေးရွာ- ကျောင်းစု　　　　အုပ်စု - မီးတိုင်တော　　　　နေ့စွဲ　-　၂၇.၂.၂၀၁၇

| အမျိုးသား | အမျိုးသမီး | အမျိုးသား+အမျိုးသမီး |
| --- | --- | --- |
| လယ် | | |
| | | ဥယျာဉ် |
| လှည်း/နွား | | |
| | | ဆိုင်ကယ် |
| | | အိမ် |
| | | ဖုန်း |

# ပိုင်ဆိုင်မှုကိုထိန်းချုပ်ခြင်း

ကျေးရွာ - ကျောင်းစု　　အုပ်စု - မီးတိုင်တော　　နေ့စွဲ - ၂၇.၂.၂၀၁၇

| အမျိုးသား | အမျိုးသမီး | အမျိုးသား+အမျိုးသမီး |
|---|---|---|
| | | အိမ် |
| | | လယ် |
| | | ဥယျာဉ် |
| | | လှည်း/နွား |
| | | ဆိုင်ကယ် |
| | | ဖုန်း |

မီးတိုင်တောအုပ်စု၊ကျောင်းစုကျေးရွာ

ကျား-မရေးရာအရင်းအမြစ်ပိုင်ဆိုင်မှုခွဲခြားစိတ်ဖြာခြင်း

ကျောင်းစုကျေးရွာတွင်အရင်းအမြစ်များအဖြစ်လယ်၊ဥယျာဉ်၊လှည်း၊နွား၊ဖုန်း၊ဆိုင်ကယ်နှင့်အိမ်တို့ပိုင်ဆိုင်ကြပါသည်။ဖုန်း၊အိမ်နှင့်ဆိုင်ကယ်တို့ကိုအမျိုးသားအမျိုးသမီးတို့အသုံးပြုကြသည်။လယ်၊လှည်း၊နွားကိုအမျိုးသားများကသာအသုံးပြုကြသည်။ပိုင်ဆိုင်မှုအားလုံးကိုအဓိကထိန်းချုပ်သူအဖြစ်အမျိုးသားနှင့်အမျိုးသမီးများ ကဆုံးဖြတ်ကြသည်။

ဖုန်းနှင့်ဆိုင်ကယ်ကိုစီးပွားရေး၊လူမှုရေး၊ကျန်းမာရေး၊ပညာရေးကိစ္စများတွင်အမျိုးသား၊အမျိုးသမီးများအတူတူအသုံးပြုပါသည်။ထိန်းချုပ်ဆုံးဖြတ်ရာတွင်အတူဦးဆောင်ပါသည်။

အနှစ်ချုပ်


ပိုင်ဆိုင်မှုအတော်များများကိုအမျိုးသားနှင့်အမျိုးသမီးတို့တူတူဆုံးဖြတ်ရခြင်းအကြောင်းမှာအမျိုးသမီးများနှင့်အမျိုးသားတို့တိုင်ပင်ညှိနိုင်းပြီးမှဆုံးဖြတ်ကြပါသည်။

ပံ့ပိုးကူညီသူ နော်သြဂက်စတီးနာ

ပါဝင်ဆွေးနွေးသူ ရွာလူထု ကျား(၁၁၁)ဦး မ(၇၅)ဦး

# ပင့်ကူအိမ်သုံးသပ်ခြင်း

ကျေးရွာ - ကျောင်းစု　　　　အုပ်စု - မီးတိုင်တော　　　　နေ့စွဲ - ၂၈.၂.၂၀၁၇




အမျိုးသား( ▬ )+အမျိုးသမီး( ··· )

မီးတိုင်တောအုပ်စု၊ကျောင်းစုကျေးရွာ

ပင့်ကူအိမ်သုံးသပ်ချက်

ကျောင်းစုကျေးရွာတွင်ပညာရေးအခြေအနေမှာအမျိုးသမီးနှင့်အမျိုးသားတန်းတူပညာသင်ကြားခွင့်ရှိသည်။

အိမ်မှုကိစ္စဆောင်ရွက်ရာတွင်အမျိုးသားနှင့်အမျိုးသမီးများကွာဟမှုရှိခြင်းမှာဝင်ငွေရရှိရန်အတွက်ပြင်ပထွက်၍အလုပ်လုပ်ရသောကြောင့်အိမ်တွင်းမှုအလုပ်ကိုအမျိုးသမီးများကပိုမိုလုပ်ကိုင်ရခြင်းဖြစ်သည်။အပြင်မထွက်ဂသည့်အချိန်များတွင်အိမ်အလုပ်ကိုသင့်လျှော်သလိုကူပေးခြင်းမျိုးရှိပါသည်။

ကျန်းမာရေးတွင်အမျိုးသမီများမှာအိမ်တွင်နေရသူပီပီမိသားစုကျန်းမာရေးကိုပိုမိုဂရုစိုက်နိုင်ပြီးအမျိုးသားများအပြင်ထွက်၍အလုပ်လုပ်ရသောကြောင့်ကျန်းမာရေးဂရုစိုက်မှုမှာအမျိုးသမီးများကသာနေပါသည်။

ဝင်ငွေရရှိမှုတွင်လည်းအမျိုးသမီးနှင့်အမျိုးသားတန်းတူညီမျှမှုမရှိပါ။မတူရခြင်းမှာလုပ်ငန်းမတူရခြင်းကြောင့်ဖြစ်ပါသည်။အပင်ပန်းခံနိုင်ခြင်း၊အချိန်မရွေး၊ရာသီမရွေးလုပ်ကိုင်ရခြင်းတို့ကြောင့်အမျိုးသားများကဝင်ငွေများရခြင်းဖြစ်ပါသည်။

အိမ်မှုကိစ္စတွင်အချိန်းပေးရသောကြောင့်စီးပွားရှာရာတွင်လည်းအမျိုးသားများကသာနေပါသည်။ဦးဆောင်မှုကိုအမျိုးသားများကသာလျှင်လုပ်ဆောင်နေရသော်လည်းဆုံးဖြတ်ချက်ချရာတွင်အမျိုးသားများကဦးဆောင်ပြီးဆုံးဖြတ်ကြပါသည်။


လူမှုရေးဘက်တွင်အမျိုးသမီးများနှင့်အမျိုးသားအတူတူပူးပေါင်းပါဝင်ကြပါသည်။

ပံ့ပိုးကူညီသူ    နော်ဩဂက်စတီးနာ

ပါဝင်ဆွေးနွေးသူ  ရွာလူထု   ကျား(၁၁၁)ဦး မ(၇၅)ဦး

# အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား

ကျေးရွာ - ကျောင်းစု    အုပ်စု - မီးတိုင်တော    နေ့စွဲ - ၂၈.၂.၂၀၁၇



မီးတိုင်တောအုပ်စု၊ကျောင်းစုကျေးရွာ

အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံသုံးသပ်ချက်


ကျောင်းစုကျေးရွာအတွင်းရှိအဖွဲ့အစည်းမှာကျေးရွာအုပ်ချုပ်ရေးမှူး၊မီးသတ်တပ်ဖွဲ့၊ရပ်မိရပ်ဖ၊ကျောင်းကော်မတီ၊လူမှုရေးအဖွဲ့ ၊ဘာသာရေးအဖွဲ့၊အမျိုးသမီးအဖွဲ့တို့ရှိပါသည်။

မြို့နယ်နှင့်ဆက်သွယ်ထားသောအဖွဲ့ မှာအုပ်ချုပ်ရေး၊ပညာရေးအဖွဲ့ ဖြစ်ပါသည်။
ရွာအပြင်ရှိအဖွဲ့အစည်းများမှာအထွေထွေအုပ်ချုပ်ရေးအဖွဲ့ ၊တပ်မတော်၊KNUအဖွဲ့ ၊ရဲစခန်း၊ကျေးလက်ရုံး၊မြို့နယ်ပညာရေးရုံးတို့ဖြစ်ပါသည်။

ပြဿနာအနှစ်ချုပ်
အဖွဲ့အစည်းအသီးသီးရှိသော်လည်းပတ်သက်ဆက်နွယ်မှုရှိသည်ကိုဗဟုသုတနည်းပါးမှုကြောင့်ချိတ်ဆက်ဆောင်ရွက်မှု အားနည်းသည်ကိုတွေ့ရပါသည်။

ပံ့ပိုးကူညီသူ နော်သြဂက်စတီးနာ
ပါဝင်ဆွေးနွေးသူ ရွာလူထု ကျား(၁၁၁)ဦး မ(၇၅)ဦး

ကျောင်းခုကျေးရွာပြဿနာသစ်ပင်




ကျောင်းခုကျေးရွာ

၂၈. ၂. ၂၀၁၇

## မီးတိုင်တောအုပ်စု၊ကျောင်းစုကျေးရွာ

### ပြဿနာသစ်ပင်သုံးသပ်ချက်

ကျောင်းစုကျေးရွာတွင်အဓိကရင်ဆိုင်ရသောပြဿနာမှာစာသင်ကျောင်းဆောင်လုံလောက်မှုမရှိခြင်းဖြစ်သည်။စာသင်ဆောင်လုံလောက်မှုမရှိခြင်းအကြောင်းအရင်းများစွာရှိသည်။အကြောင်းတစ်ချက်မှာကျေးရွာမှရန်ပုံငွေမရှိခြင်းဖြစ်ပါသည်။ကျောင်းသားဦးရေများလာခြင်းဖြစ်ပါသည်။နောက်တစ်ချက်မှာစာသင်ဆောင်မကောင်းသောကြောင့်ဖြစ်ပါသည်။နောက်တစ်ချက်မှာဆရာ၊ဆရာမမလုံလောက်ခြင်းကြောင့်ဖြစ်ပါသည်။နောက်တစ်ချက်မှာနိုင်ငံတော်မှကျောင်းဆောင်ချပေးနိုင်မှုမရှိခြင်းကြောင့်ဖြစ်သည်။

စာသင်ဆောင်မလုံလောက်၍ရရှိသောအကျိုးရလဒ်များမှာပညာတတ်နည်းပါးခြင်း၊ တစ်ဂက်တစ်ပျက်ပညာသင်ကြားခြင်း၊စာသင်ချိန်တွင်အနှောက်အယှက်ဖြစ်ခြင်း၊တစ်ခြားရွာသို့သွားရောက်သင်ကြားရခြင်း၊တိုးတက်မှုနောက်နေးခြင်းတို့ဖြစ်သည်။

### သုံးသပ်ချက်အနှစ်ချုပ်

ကျောင်းစုကျေးရွာတွင်အိမ်ခြေ(၂၂၀)အိမ်ခန့်ရှိရာစီးပွားရေးအခြေအနေမှာအသင့်အတင့်ရှိပါသည်။ဥယျာဉ်လုပ်စားသူများနှင့်ကျပန်းလုပ်ကိုင်သူများဖြစ်ကြပါသည်။ရွာတွင်ဗဟုသုတနည်းပါးခြင်းတစ်ကြောင်း၊စီးပွားရေးအခြေအနေကြောင့်တစ်ကြောင်းစာသင်ဆောင်ပြုပြင်ရန်အဆင်မပြေနိုင်ပါ။အနာဂတ်မျိုးဆက်သစ်များအဆင်ပြေကောင်းမွန်ရန်အတွက်စာသင်ဆောင်ပြုပြင်ရန်တစ်ရွာလုံးဆန္ဒဖြစ်ကြောင်းတညီတညွတ်တည်းအတည် ပြုကြပါသည်။

ပုံ့ပိုးကူညီသူ    နော်သြဂက်စတီးနာ
ပါဝင်ဆွေးနွေးသူ  ရွာလူထု   ကျား(၁၁၁)ဦး မ(၇၅)ဦး

(ကျောင်းစုကျေးရွာ) အခက်အခဲအတားအဆီးများ ရက်စွဲ ၂၈.၂.၂၀၁၇

အမျိုးသား

၁။မိုးတွင်းအခါလမ်းမကောင်း၍သွားလာရေးမကောင်းသောအခက်အခဲ
၂။မိုးရာသီတွင်ကမ်းပါးပြို၍ရွှေ့ပြောင်းရသောအခက်အခဲ
၃။စာသင်ဆောင်လုံလောက်မှုမရှိ၍စာသင်ကြားမှုအခက်အခဲ
၄။ချောင်း၊မြောင်းကူးတံတားမကောင်း၍မိုးအခါသွားလာရေးခက်ခဲ
၅။ဆေးပေးခန်းမရှိ၍ဆေးကုသရန်ခက်ခဲ

ကျေးရွာမျှော်မှန်းချက်

၁။ညအခါအစစအရာရာအဆင်ပြေအောင်လျှပ်စစ်မီးလိုချင်ပါသည်။
၂။စာသင်ကျောင်းပြုပြင်ချင်ပါသည်။
၃။သွားလာရေးအဆင်ပြေစေရန်ချောင်း၊မြောင်းကူးတံတားလိုချင်ပါသည်။
၄။လူငယ်များဗဟုသုတကြွယ်ဝစေရန်စာကြည့်တိုက်လိုချင်ပါသည်။
၅။မြေထိန်းနံရံတည်ဆောက်ပေးစေချင်ပါသည်။
၆။အဆင်ပြေစေသောလမ်း၊တံတားလိုချင်ပါသည်။
၇။ဖုန်းလိုင်းကောင်းသောရွာဖြစ်ချင်ပါသည်။
၈။အားကစားကွင်းလိုချင်ပါသည်။

ကျောင်းစုကျေးရွာ အခက်အခဲအတားအဆီးများ ရက်စွဲ ၂၈.၂.၂၀၁၇

အမျိုးသမီး

၁။သွားလာရေးအခက်အခဲ
၂။စာသင်ဆောင်မလုံလောက်သောအခက်အခဲ
၃။ဆေးပေးခန်းမရှိသောအခက်အခဲ
၄။လျှပ်စစ်မီးမရှိသောအခက်အခဲ
၅။လူငယ်များဗဟုသုတနည်းပါး
၆။အလုပ်အကိုင်အခွင့်အလမ်းနည်းပါး
၇။လမ်း၊တံတားခိုင်ခံ့မှုမရှိ
၈။ကမ်းပါးပြိုသောဒုက္ခ

ကျေးရွာ၏မျှော်မှန်းချက်

၁။လျှပ်စစ်မီးလိုချင်ပါသည်။
၂။စာသင်ကျောင်းဆောင်ပြုပြင်ချင်ပါသည်။
၃။ဆေးပေးခန်း
၄။လျှပ်စစ်မီး
၆။စာကြည့်တိုက်
၇။မြေကာနံရံ
၈။ကောင်းမွန်သောလမ်းနှင့်တံတားလိုချင်ပါသည်။

ကျောင်းစုကျေးရွာ ရက်စွဲ-၂၈.၂.၂၀၁၇

ဦးစားပေးလုပ်ငန်းများ

(အမျိုးသား)

၁။စာသင်ကျောင်းဆောင်ပြုပြင်ခြင်း
၂။ရွာတွင်းလမ်းပြုပြင်ခြင်း
၃။ဆေးပေးခန်း
၄။စာကြည့်တိုက်
၅။လျှပ်စစ်မီး
၆။ရွာဂင်တံတား
၇။မြေထိန်းနံရံ

(အမျိုးသမီး)
၁။မြေထိန်းနံရံ
၂။ကျောင်းခြံစည်းရိုးကာရံခြင်းနှင့်စာသင်ဆောင်ပြုပြင်ခြင်း
၃။ဆေးပေးခန်း
၄။အင်ဂျင်မီး
၅။စာကြည့်တိုက်
၆။ရွာတွင်းလမ်းပြုပြင်ခြင်း
၇။ကြိုးတံတား

# ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ကျေးရွာ -ကျောင်းစု　　　　　အုပ်စု - မီးတိုင်တော　　　　　နေ့စွဲ - ၂၈.၂.၂၀၁၇

| စဉ် | ဦးစားပေးဖွံ့ဖြိုးရေးအစီအစဉ်များ | အဆိုပြုသူ | အကျိုးခံစားခွင့်ရှိသူ |
|---|---|---|---|
| ၁။ | စာသင်ကျောင်းဆောင်ပြုပြင်ခြင်း | ကျား+မ | ၁၀၃၀ယောက် |
| ၂။ | ရွာဂင်တံတားပြုပြင်ခြင်း | ကျား | ၁၀၃၀ယောက် |
| ၃။ | ရွာတွင်းလမ်းပြုပြင်ခြင်း | ကျား+မ | ၁၀၃၀ယောက် |
| ၄။ | ကျေးလက်ဆေးပေးခန်း | ကျား+မ | ၁၀၃၀ယာက် |
| ၅။ | စာကြည့်တိုက်တည်ဆောက်ခြင်း | ကျား+မ | ၁၀၃၀ယောက် |

ပံ့ပိုးကူညီသူ-နော်သြဂက်စတီးနာ　　　　　ပါဝင်ဆွေးနွေးသူ-ရွာလူထုကျား(၁၁၁)ဦး/မ(၇၅)ဦး

# ကော်မတီဝင်စာရင်းများ

ကျေးရွာ -ကျောင်းစု      အုပ်စု-မီးတိုင်တော      နေ့စွဲ-၂၈.၂.၂၀၁၇

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဦးပြည့်ဖြိုးအောင် | ကျေးရွာ/စီမံကိန်းအထောက်အကူပြုဥက္ကဌ |
| ၂ | နော်လားရှီးဂါး | ကျေးရွာ/စီမံကိန်းအထောက်အကူပြုဥက္ကဌ |
| ၃ | ဦးဆက်နိုင် | ဝယ်ယူရေးကော်မတီဥက္ကဌ |
| ၄ | နော်ငြိမ်းငြိမ်းအေး | ဝယ်ယူရေးကော်မတီအဖွဲ့ဝင် |
| ၅ | ဦးသန်းအောင် | စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဥက္ကဌ |
| ၆ | နော်ဖြူးမေ | စောင့်ကြည့်ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် |
| ၇ | ဦးသန်းထွန်း | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီဥက္ကဌ |
| ၈ | နန်းချယ်ရီ | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် |
| ၉ | ဦးလွမ်းနောင် | ဂေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၀ | နော်အေးအေးသင်း | ဂေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၁ | စောဂျူး | ကျေးရွာ/အုပ်စုငွေစာရင်းကိုင် |
| ၁၂ | ဦးပြည့်ဖြိုးဟိန်း | စေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်မီးမီး | စေတနာ့ဝန်ထမ်း |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင်အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးမြသောင်း | 09 450395740 | [illegible] |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၁၅၀ | ဘာသာ (၁) ဗုဒ္ဓ | ၁၅၀ |
| လူမျိုးစု (၂) ကရင် | ၇၀ | ဘာသာ (၂) ခရစ်ယာန် | ၇၀ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | ၂၂၀ |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂၉ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 481 | 549 |
| လူမျိုးစု (၁)--ဗမာ---- | 300 | 380 |
| လူမျိုးစု (၂)--ကရင်--- | 150 | 200 |
| လူမျိုးစု (၃)------------ | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 175 | 45 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

(ကျောက်ကြမ်းလမ်း) ကတ္တရာလမ်း ကွန်ကရစ်လမ်း (မော်တော်ဆိုင်ကယ်လမ်း)
ကျောက်ခင်းလမ်း (မြေသားလမ်း) (လူသွားလမ်း) အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၁၄/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၅---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁ နာရီ---- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား -----------------

မိုးရာသီတွင်ကြာချိန်---၁း၃၀ နာရီ----- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား -----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---[illegible]---

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) K.D.N (ကျေးရွာဖွံ့ဖြိုး) အဖွဲ့

(၂) ---------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်

အမည် [illegible]

လက်မှတ် [signature] နေ့စွဲ ၁၃-၂-၂၀၁၈

လူထုစည်းရုံးရေးမှူး

အမည် [illegible]

လက်မှတ် [signature] နေ့စွဲ ၁၃-၂-၂၀၁၈

# ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးမီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] | | | |
| နေ့စွဲ 28. 2. 2017. | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 27.2.2017 | 27.2.2017 | 111 | 75. | 186 | ကရင် \| ဗမာ 69 . . 117. |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 28. 2. 2017 | 28. 2. 2017 | 111 | 75 | 186 | ကရင် \| ဗမာ 69 \| 117. |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 2.3.2017 | 2.3.2017 | 24 | 15 | 39 | ကရင် \| ဗမာ \| ရှမ်း 6 \| 26 \| 3 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်**။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်မကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဂန်ထမ်း အမည် | [illegible] | | |
| နေ့စွဲ 28. 2. 2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ပဲခူး | မြို့နယ်<br>ကျောက်ကြီး | ကျေးရွာအုပ်စု<br>မိုးတိုင်အေး | ကျေးရွာ<br>ကျောင်းစု |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်မရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မိုးရာသီကျွန်းချောင်းကမ်းပါးပြိုပြီး ရေအိမ်များ ရွှေ့ပြောင်းရသော အခက်အခဲ. | ၁ | - ဆေးခန်းမရှိပြီး ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသရန် အခက်အခဲရှိ |
| ၂ | စာသင်ကျောင်းဆောင် မကောင်း၊ မလုံလောက်ပြီး ပညာသင်ရာတွင် အခက်အခဲရှိ | ၂ | - ကျောင်းဆောင်လုံလောက်မှုမရှိပြီး စာသင်ယူရန် အခက်အခဲရှိ. |
| ၃ | ဆေးပေးခန်းမရှိပြီး ဆေးကုသမှုယူရန် အခက်အခဲရှိ | ၃ | - လမ်းများ မကောင်းပြီး သွားလာရေးတွင် အခက်အခဲရှိ. ~~- ရွာသူရွာသားများ မတော်တဆ ချောင်းကမ်းပါးပြိုပြီး~~ |
| ၄ | မြောင်းကူးတံတား မကောင်းပြီး သွားလာရေး ခက်ခဲ. | ၄ | - ကမ်းပါးပြိုပြီး အိမ်ရွှေ့ရသော အခက်အခဲ. - မီးမရှိပြီး ည~~[illegible]~~ သွားလာရန် ခက်ခဲ၊ ~~ကလေးများ စာကြည့်ရန် ခက်ခဲ.~~ |
| ၅ | မိုးတွင်းအခါ လမ်းမကောင်းပြီး သွားလာရေး အခက်အခဲရှိ. | ၅ | - အလယ်တန်းကျောင်း [illegible] စာ[illegible] ရေး အခက်အခဲရှိ. ~~- မိုးတွင်းအခါ မြောင်းကူး၍ သွားလာရသော အခက်အခဲ.~~ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | မြေကာနံရံ တည်ဆောက်လိုပါသည်. (ကမ်းပါးပြိုမှု ကာကွယ်ရန်) | ၁ | - ကျန်းမာရေး စောင့်ရှောက် ပြီးပြည့်စုံသော ဆေးပေးခန်း တည်ဆောက်ချင်သည်. |
| ၂ | ပညာသင်ကြားရန် အဆင်ပြေစေရန် စာသင်ကျောင်းဆောင် တိုးချဲ့ချင်သည်. | ၂ | ~~- ကလေးများ ပညာသင်ကြားရန် အခက်အခဲရှိ~~ စေရန် စာသင်ကျောင်းဆောင် တိုးချဲ့ တည်ဆောက်ချင်. |

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၃ | သွားလာရေး လွယ်ကူစေရန် ရွာတွင်း/ဖြင့် လမ်း၊ တံတားများ ပိုမိုကောင်းမွန် စေချင်ပါသည်. | ၃ | သွားလာရေး လွယ်ကူစေရန် ဆယ့်နှစ်ရာသီ အသုံးပြုနိုင်သော လမ်း ဖြစ်ချင်သည်. |
| ၄ | ကလေးများ ဗဟုသုတ တိုးတက်လာစေရန် စာကြည့်တိုက် တည်ဆောက်ချင်ပါသည်. | ၄ | ကမ်းပါးပြိုသော နတ်ချောင်းမှ ကာကွယ်ရန် ကာကွယ်နည်း လိုချင်ပါသည်. |
| ၅ | ကျေးရွာ အားကစားကွင်း တစ်ခု တည်ဆောက်ချင်ပါသည်.<br>- မိုးတွင်းအခါ သွားလာရေး လွယ်ကူ | ၅ | ဗဟုသုတ တိုးတက်လာစေရန် စာကြည့်တိုက် တည်ဆောက်ချင်သည်.<br>ဆယ့်နှစ်ရာသီ မိုးလင်းကြည်အခါ သွားလာ |
| ၆ | စေရန် ချောင်းကူး တံတား တည်ဆောက်ချင်သည်.<br>- ကျေးနှီး အသက်သွယ်မျှကောင်းသော ရွာလေး ဖြစ်ချင်သည်. | ၆ | ရေး လွယ်ကူစေရန်ဖြင့် တံတား လိုချင်ရန်. |
| ၇ | - လျှပ်စစ်မီး ရှိသော ရွာဖြစ်ချင် | ၇ | မိုးအခါ သွားလာရ လွယ်ကူစေရန် ချောင်းကူး တံတား တည်ဆောက်ချင်ပါသည်. |

၇။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအဆင့် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျောင်းဆောင် ပြုပြင်ခြင်း | ကျား + မ. | 11500000 | 1030 |
| ၂ | ရွာဝင်တံတား ပြုပြင်ခြင်း | ကျား | 5000000 | 1030 |
| ၃ | ရွာတွင်းလမ်း ပြုပြင်ခြင်း | ကျား + မ | 15000000 | 1030 |
| ၄ | ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း | ကျား + မ. | 8000000 | 1030 |
| ၅ | ကျေးရွာစာကြည့်တိုက်. | ကျား + မ. | 6000000 | 1030 |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးမြသန့်ဖြိုးကောင်------ လက်မှတ် ------------------------------ နေ့စွဲ--------------------------------

# ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်*။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီမံကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ | | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ရေကြည်ဂျက်ခတ်ကြီးရွာ | | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) □စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု မိုးတိုင်ကော | |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အသိပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ကော့မြင် | ကွတ္တင်းဂဝံ လမ်းခင်းခြင်း | 3900'x12'x6" | 2913 | □ ကျား<br>□ မ<br>□ ကျား+ မ | 13600000 | | | | |
| မြောင်းဦး | ကွတ္တင်းဂဝံ လမ်းခင်းခြင်း | 3000'x12'x6" | 932 | □ ကျား<br>□ မ<br>□ ကျား+ မ | 11000000 | | | | |
| ကျောင်းရွာ | စာသင်ကျောင်း ကျောင်းဆောင် ပြုပြင်ခြင်း | 90'x30'x12' | 1030 | □ ကျား<br>□ မ<br>□ ကျား+ မ | 11500000 | | | | |
| အောင်ချမ်းသာ | စာသင်ကျောင်း ဆောင်ပြုပြင် ခြင်း | 60'x30'x12' | 606 | □ ကျား<br>□ မ<br>□ ကျား+ မ | 11500000 | | | | |
| မိုးတိုင်ကော | ကွန်ကရစ်လမ်း ခင်းခြင်း | 1500'x8'x6" | 1541 | □ ကျား<br>□ မ<br>□ ကျား+ မ | 10000000 | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဒေါ်ခင်၊ ဆို၊ ၁၃၉၈၉ လက်မှတ် [signature] ရက်စွဲ

၂၀၁၇ခုနှစ်၊ဖေဖော်ဝါရီလ(၂၇)ရက်နေ့၌မီးတိုင်တောကျေးရွာအုပ်စု၊ကျောင်းစုစာသင်ကျောင်းတွင်ကျင်းပပြုလုပ်သောပထမအကြိမ်အစည်းအဝေးမှတ်တမ်း

စာအမှတ်

၁။အစည်းအဝေးတက်ရောက်သူများ

အောက်ပါပုဂ္ဂိုလ်များအစည်းအဝေးတက်ရောက်ကြပါသည်။

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | စိုင်းအောင်ထက်သူ | လက်ထောက်နည်းပညာမှူး |
| ၂။ | နော်သြဂက်စတီးနာ | လူထုစည်းရုံးရေးမှူး |
| ၃။ | ကျေးရွာလူထု(PC-12) | |

၂။ရည်ရွယ်ချက်

အစည်းအဝေးကျင်းပရခြင်း၏ရည်ရွယ်ချက်မှာကျေးရွာလူထုအနေဖြင့်စီမံကိန်းအပေါ် နားလည်သဘောပေါက်ရန်နှင့်စီမံကိန်းကိုလူထုအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊ဦးစားပေးလုပ်ငန်းနှင့်ကော်မတီဝင်များရွေးချယ်တင်ရန်

၃။

လူထုစည်းရုံးရေးမှူးမှနံနက်(၉)နာရီတွင်အစည်းအဝေးကိုစတင်ပြီးအစီအစဉ်များကိုဖတ်ကြားပြီးနောက်လက်ထောက်နည်းပညာမှူးနှင့်လူထုစည်းရုံးရေးမှူးမှရွာလူထုနှင့်မိတ်ဆက်ပြီးနောက်လူထုစည်းရုံးရေးမှူးမှစီမံကိန်းမိတ်ဆက်ခြင်း၊ရန်ပုံငွေထောက်ပံ့ပုံများ၊ပါဝင်သူများ၏အခန်းကဏ္ဍများ၊ကျား-မရေးရာအခန်းကဏ္ဍများရှင်းလင်းဆွေးနွေးကြပါသည်။

ထို့နောက်လူထုစည်းရုံးရေးမှူးနှင့်နည်းပညာမှူးတို့သည်ကျေးရွာစေတနာ့ဝန်ထမ်းရွေးချယ်ခြင်းအစီအစဉ်တွင်ကျေးရွာလူထုမှအဆိုပြုရွေးချယ်သောစနစ်ဖြင့်အမျိုးသားတစ်ဦး၊အမျိုးသမီးတစ်ဦးဖြစ်သောစေတနာ့ဝန်ထမ်းကိုရွေးချယ်ခဲ့ကြပြီးနောက်အစည်းအဝေးကိုနေ့လည်(၁၂)နာရီတွင်ရုပ်သိမ်းခဲ့ကြပါသည်။

ညနေပိုင်းအစီအစဉ်ကိုမွန်းလွဲ(၂)နာရီတွင်ပြန်လည်စတင်ကာတက်ရောက်လာသောရွာလူထုအား ကျား-မအချိုးတူပေါင်းထားသောအဖွဲ့ ဖွဲ့စည်းပြီး PRAများကိုလုပ်ဆောင်ခဲ့ပါသည်။ထို့နောက်ပြန်လည်ပေါင်းစည်းပြီး တစ်ရက်တာဆွေးနွေးချက်များအားပြန်လည်သုံးသပ်ခဲ့ပါသည်။ပထမအကြိမ်အစည်းအဝေးကိုညနေ(၅)နာရီတွင်အဆုံးသတ်ခဲ့ကြပါသည်။လူထုစည်းရုံးရေးမှူးမှဒုတိယအကြိမ်အစည်းအဝေးအတွက်ရွာလူထုကိုဖိတ်ကြားကာအစည်းအဝေးကိုရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ -နော်ဩဂက်စတီးနာ

၂၀၁၇ခုနှစ်၊ဖေဖော်ဝါရီလ(၂၈)ရက်နေ့၌မီးတိုင်တောကျေးရွာအုပ်စု၊ကျောင်းစုကျေးရွာစာသင်ကျောင်း တွင်ကျင်းပပြုလုပ်သောဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

စာအမှတ်

၁။အစည်းအဝေးတက်ရောက်သူများ

အောက်ပါပုဂ္ဂိုလ်များအစည်းအဝေးတက်ရောက်ကြပါသည်။

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | စိုင်းအောင်ထက်သူ | လက်ထောက်နည်းပညာမှူး |
| ၂။ | နော်သြဂက်စတီးနာ | လူထုစည်းရုံးရေးမှူး |
| ၃။ | ကျေးရွာလူထု(PC-12) | |

၂။ရည်ရွယ်ချက်

အစည်းအဝေးကျင်းပရခြင်း၏ရည်ရွယ်ချက်မှာကျေးရွာလူထုအနေဖြင့်စီမံကိန်းအပေါ် နားလည်သဘောပေါက်ရန်နှင့်စီမံကိန်းကိုလူထုအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊ဦးစားပေးလုပ်ငန်းနှင့်ကော်မတီဝင်များရွေးချယ်တင်ရန်

၃။ဆွေးနွေးချက်များ

လူထုစည်းရုံးရေးမှူးမှနံနက်(၉)နာရီအစည်းအဝေးကိုစတင်ပြီးအစည်းအဝေးအစီအစဉ်များကိုဖတ်ကြားပါသည်။ပြီးနောက်တက်ရောက်လာသောရွာလူထုအားကျား-မနစ်ဖွဲ့ခွဲ၍ အခက်အခဲနှင့်နောင်(၅)နစ်မျှော်မှန်း ချက်များကိုဖော်ထုတ်ကြသည်။ထို့နောက်ဖော်ထုတ်ခဲ့သောအခက်အခဲများမှအကြောင်းအရာတစ်ခုအာပြဿနာသစ်ပင်ဖြင့်ဖော်ထုတ်သရုပ်ဖော်ကြပြီးမနက်ပိုင်းအစီအစဉ်ကိုခေတ္တရပ်နားကြသည်။၎င်းနောက်တွင်လုပ်ငန်းများကိုဖော်ထုတ်ဆွေးနွေးကြသည်။ညနေပိုင်းတွင်ကျားမပြန်ပေါင်းစည်းပြီးကျေးရွာဦးစားပေးလုပ်ငန်းများကို မဲပေးစနစ်ဖြင့်ရွေးချယ်ကြသည်။ ၎င်းနောက်ကျေးရွာစီ/ထောက်ကော်မတီများအား မဖွဲ့စည်မှီဖွဲ့ စည်းပုံနှင့်တာဝန်ဝတ္တရားများကိုလူထုစည်းရုံးရေးမှူးမှရှင်းလင်းပါသည်။ထို့နောက် ကျေးရွာ စီ/ထောက်ကော်မတီဥက္ကဌ၊ဝယ်ယူရေး ဆပ်ကော်မတီ၊စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊လည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ ၊ ဂေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအဖွဲ့၊ကျေးရွာငွေစာရင်းကိုင်ကို ကျေးရွာသူ/သားများမှအဆိုပြု စနစ်ဖြင့်အ ဆင့်

ဆင့်ရွေးချယ်ခဲ့ကြပါသည်။ ထို့နောက်ညနေ(၅)နာရီတွင် ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးအားအောင်မြင်စွာပြီးမြောက်သည်။

ပံ့ပိုးကူညီသူ-နော်သြဂက်စတီးနာ ပါဝင်ဆွေးနွေးသူ-ရွာလူထုကျား(၄၃)ဦး/မ(၆၀)ဦး





ကျောင်းစုကျေးရွာပထမအကြိမ်,ဒုတိယအကြိမ်အစည်းအဝေးနှင့်ကော်မတီဝင်များပုံ